**Happy Easter**

Volume 4 / Issue 4 / April / 2011

*Enjoy free reading from B.C.F*

# † Newsletter - သတင်းလွှာ

## မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်

(အသင်းတော်တွင်းကန့်သတ်ထုတ်ဝေသည်)

# ကယ်တင်ခြင်းကိုလက်ခံရယူပါ

ဂရုဏာတော်နှင့် ကြွယ်ဝတော်မူသော ဘုရားသခင်သည် လူသားအပေါင်းကို ချစ်တော်မူသော မဟာမေတ္တာတော်အားဖြင့်၊ အပြစ်ဒုစရိုက်၌ သေလျက်ရှိနေကြသော လူအပေါင်းတို့ကို ခရစ်တော်နှင့်အတူအသက်ရှင်စေတော်မူပြီ။ ဘုရားသခင်၏ ကျေးဇူးတော်ကြောင့်သာ ကယ်တင်ခြင်းသို့ ရောက်ရ၏။

ယေရှုခရစ်အားဖြင့် ကျွန်ုပ်တို့ကို ထမြောက်စေ၍၊ ကောင်းကင်အရပ်၌ နေရာ ပေးတော်မူ၏။ ထိုသခင် အားဖြင့် ကျွန်ုပ်တို့၌ ကျေးဇူးပြု၍၊ ကျေးဇူးတော်၏ အလွန် ကြွယ်ဝခြင်းကို နောင်ကပ်ကာလ၌ ထင်ရှားစေတော်မူမည်။

❖❖ *ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူ အပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌ တပါးတည်းသော သားတော်ကို စွန့်တော်မူသည် တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။ ယော၊၃း၁၆၊*

❖❖ *ငါတို့သည်အပြစ်ရှိစဉ်ပင်၊ ခရစ်တော်သည် ငါတို့အတွက်ကြောင့် အသေခံတော်မူသည်ဖြစ်၍၊ ဘုရားသခင်သည် ငါတို့ကို အဘယ်မျှလောက် ချစ်တော်မူသည်ကို ငါတို့အား ထင်ရှားစွာပြတော်မူ၏။ ရောမ၊ ၅း၈၊*

❖❖ *ရွှေငွေအစရှိသော ဖောက်ပြန်ပျက်ဆီးတတ် သောဥစ္စာနှင့် သင်တို့ကို ရွေးတော်မူသည် မဟုတ်။ အဘယ်အပြစ်မျှမရှိ၊ အညစ်အကြေးနှင့်ကင်းစင်သော သိုးသငယ်ကဲ့သို့သော ခရစ်တော်၏ အသွေးတော်မြတ်နှင့် အဘိုးအခပေး၍ ရွေးတော်မူ၏။ ၁ပေ၊ ၁း၁၉*

လူများအပေါင်း တို့သည် ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ ရောက်ရ၏။ ကိုယ်အလို အလျှောက်ရောက်သည် မဟုတ်။ ဘုရားသခင် သနားတော်မူသောကြောင့် ဖြစ်သည်။ ကိုယ်ကုသိုလ်ကြောင့်လည်း ကယ်တင်တော်မူခြင်းသို့ ရောက်သည်မဟုတ်။

သို့ဖြစ်၍ သင်သည် ထိုသခင်ကို နှုတ်ဖြင့် ဝန်ခံ၍၊ ဘုရားသခင်သည် သားတော်ကို သေခြင်းမှ ထမြောက် စေတော်မူပြီဟု စိတ်နှလုံးထဲ၌ ယုံကြည်လျှင် ကယ်တင်ခြင်းသို့ ရောက်လိမ့်မည်။ ဖြောင့်မတ်ရာသို့ ရောက်ခြင်းငှါ စိတ်နှလုံးနှင့် ယုံကြည်ရမည်။ ကယ်တင်ခြင်း သို့ရောက်ခြင်းငှါ နှုတ်ဖြင့်ဝန်ခံရမည်။

Mailing Address- Burmese Christian Fellowship. 11410 Telechron Ave. Whittier, CA 90605
Phone (562) 944-9091 www. bcfla.org

ဝန်ခံဆုတောင်းချက်၊–

သခင်ယေရှု ကျွန်တော်........../ကျမ..........သည် အပြစ်သားဖြစ်ပါ၏။ ကိုယ်တော့်ကို အကျွန်ုပ်လိုပါ၏။ ကိုယ်တော်သည် အကျွန်ုပ်အပြစ်အတွက် လက်ဝါးကပ်တိုင်ပေါ်မှာ အသေခံခြင်း၊ အသွေးတော်သွန်းခြင်းဖြင့် အသေခံပြီး သုံးရက်မြောက်သောနေ့၌ သေခြင်းမှ ထမြောက်ခဲ့ကြောင်းကို ယုံကြည်ပါ၏။

ကျွန်တော်၏ အသက်တာ၌ ကိုယ်တော် ဝင်ရောက်၍ အုပ်စိုးတော်မူပါ။

ကိုယ်တော့်ကို ကျွန်တော်........../ကျမ..........၏ကယ်တင်ရှင်အဖြစ် ယခုလက်ခံပါ၏။ (အာမင်)

သင်၏ပြစ်မှားခြင်းထဲမှ ဘုရားသခင်၏ ပြုတော်မူသော ကျေးဇူးတော်ကို နှိုင်းယှဉ်ကြည့်လျှင်၊

| ပြစ်မှားခြင်းသဘော | ကျေးဇူးတော်သဘော |
|---|---|
| • အာဒံနားမထောင်သောအားဖြင့်၊ လူများတို့သည်အပြစ်ရောက်ကြ၏။ | • ယေရှုခရစ်နားထောင်သောအားဖြင့်၊ လူများတို့သည်သာ၍ကြွယ်ဝပြည့်စုံ၏။ |
| • ဘုရားသခင်နှင့်ကွဲကွာကြရ၏။ | • ဘုရားသခင်၏သားဖြစ်ရ၏။ |
| • လူများတို့သည်သေခြင်းသို့ရောက်ကြ၏။ | • လူများတို့ ဖြောင့်မတ်ရာသို့ရောက်ရ၏။ |
| • အပြစ်တစ်ခုကြောင့်ဒဏ်ခံစေဟုစီရင်၏။ | • အပြစ်များလျက်ပင်လွှတ်စေဟုစီရင်၏။ |
| • ထာဝရသေခြင်းတရားအစိုးရ၏။ | • ထာဝရအသက်ရှင်လျှက်စိုးစံရ၏။ |

ချစ်သောမိတ်ဆွေ၊–

- သင်သည် ယေရှုခရစ်ကို ယုံကြည်လက်ခံပြီးနောက်၊ ကျေးဇူးတော်အရာ၌၎င်း၊ ခရစ်တော်ကို သိကျွမ်းခြင်း၌၎င်း ကြီးပွါး၍၊ အကျိုးမဲ့မဖြစ်စေခြင်းငှါ ယုံကြည်ခြင်း ပါရမီ ခိုင်မြဲပါ။
- သင်ပြစ်မှားမိသော အပြစ်များရှိပါက ထိုအပြစ်ကို ဝန်ချတောင်းပန်၍၊ စွန့်လွှတ်လိုက်ပါ။ ယေရှုခရစ်အားဖြင့် သင်၏ ရန်ကို ငြိမ်းစေ၍၊ ဘုရားသခင်နှင့် ပြန်လည်မိတ်သဟာယဖွဲ့ပါ။
- နေ့စဉ် ဝိညာဉ်ခွန်အား ပြည့်ဝစေရန် နှုတ်ကပတ်တော်ကို အမြဲဖတ်ရှုလေ့လာလျှက်၊ ဘုရားဝတ်၌မွေ့လျော်ခြင်းရှိပြီး၊ ဘုရားသခင်နှင့်အတူ လျှောက်လှမ်း၍အသက်ရှင်ပါ။
- အသင်းတော်တစ်ပါးပါး၌ ပါဝင်လျှက်၊ ခေါ်တော်မူခြင်းနှင့် ရွေးချယ်တော်မူခြင်းကို တည်မြဲစေခြင်းငှါ သာ၍ကြိုးစားအားထုတ်ပါ။

သို့ပြုလျှင်၊– ရွှေလျော့ခြင်းနှင့် အစဉ်ကင်းလွတ်၍၊ သင့်ကို ကယ်တင်တော်မူသောအရှင် သခင်ယေရှုခရစ်၏ ထာဝရနိုင်ငံတော်ထဲသို့ ဝင်စားခြင်းအခွင့်ကို သင်အား ကြွယ်ဝစွာ ပေးသနားတော်မူလိမ့်မည်။

***အပြစ်တရားသည် သေခြင်းအားဖြင့် အစိုးရသည်နည်းတူ၊ ငါတို့သခင်ယေရှုခရစ် ပြုစုတော်မူ၍ ကျေးဇူးတရားသည် ထာဝရအသက်နှင့် ယှဉ်သောဖြောင့်မတ်ရာသို့ သွင်းခြင်းအားဖြင့် အစိုးရလေအံ့သတည်း။***



# နေ့သစ်၏လင်းအာရုဏ်ဦးချိန်

နံနက်လင်း မိုးသောက်ယံ လင်းအာရုဏ်ဦး အချိန်သည် အလွန်လှပပေ၏။ သာယာလှပေ၏။ သို့ရာတွင်၊ ကျမသည် နံနက်စောစော အိပ်ယာမှ နိုးထသော အလေ့အကျင့်မရှိ။ အိပ်ယာဝင် ချိန်နောက်ကျ၍၊ အိပ်ယာထချိန်လည်း နောက်ကျတတ်ပါသည်။ ငယ်ရွယ်စဉ် ကလေးဘဝတုံးက "စောစောအိပ်ထ ပြုကျင့်က၊ တွင်းပကိုယ်ခန္ဓာ ... ရောဂါခပ်သိမ်း၊ ရှောင်ခွါတိမ်း၊ ကင်းညိမ်းလွန်ကျန်းမာ" လင်္ကာလေးကို ရွတ်ဆို၍၊ ကျောင်းချိန်မှီရန် စောစောထတတ်သည့် အကျင့်ကောင်းလေး၊ အသက်ကြီးလာသည်နှင့် အမျှ ကွယ်ပျောက် သွားလေပြီ။ တစ်နေ့သောနံနက်မှာ အိပ်စက်ရာမှ နိုးလာသော်၊ အိပ်ယာတွင် နှပ်၍နေရင်း၊ "အတွေးသစ်၊ အမြင်သစ်" တစ်ခုကို နှလုံးသားဝယ် ရယူပိုင်ဆိုင်လိုက်ပြီး၊ ပျောက်ပျက်၍ ဆုံးရှုံးမသွားရ လေအောင် နှလုံးသားထဲ၌ သိုမှီးထားလိုက်၏။

အတွေးသစ်၊အမြင်သစ် ဆိုထားသည့်အတိုင်း၊ "အသစ်"က"အဟောင်း"မဟုတ်မှန်း သေချာပါသည်။ အရာခပ်သိမ်းသည် "အသစ်"တဖန် ပြောင်းလဲခဲ့ပါပြီ။

နေ့သစ်သည် အရှေ့ဆီမှရောင်နီ သန်းလာသည်နှင့် မှောင်မိုက်ကို ဖြိုခွင်းကာ အစပြု ဝင်ရောက်လာ၏။ နေ့သစ်သည် မနေ့ကနှင့် မတူတော့ပါ။ မနေ့က အမှားပေါင်းများစွာ ဒါဇင်လိုက် လုပ်ခဲ့သော်ငြား၊ ကုသိုလ်ကောင်းမှု တစ်ပိသာ ပြုခဲ့သော်ငြား၊ ကြေကွဲဝမ်းနည်းစရာတွေ နှစ်ဆယ့်လေးနာရီလုံး တွေ့ကြုံခဲ့ရသော်ငြား၊ မနေ့က လွန်မြောက်သွားပါပြီ။ ဤနေ့သစ်မှာ ဘုရားသခင်၏ ဂတိတော်များ ဝန်းရံလျှက်၊ မျှော်လင့်စရာ အပြည့်အဝ ရှိနေ၏။ ဘုရားသခင့်ထံတော်ပါးမှ ကျေးဇူးတော်နှင့် ကောင်းကြီးမင်္ဂလာများ သင့်ကို အဆင်သင့်စောင့်ကြိုနေပါ၏။ ကျမကို မျှော်လင့်ခြင်း ခွန်အားတွေပေးနေသည့် ဤနေ့သစ် ... ... ။

ကျမ၏ စိတ်နှလုံးသည် ဆင်ခြင်၍ သတိရှိစဉ်အခါ မြော်လင့်စရာ အခွင့်ရှိပါ၏။ ပရောဖက်ကြီး ယေရမိ ပြောသကဲ့သို့ ထာဝရဘုရားသည် သနားတော်မူ၍ ကရုဏာတော်သည် မကုန်သောကြောင့်၊ ဆုံးရှုံးခြင်းသို့ မရောက်ဘဲ၊ နံနက်တိုင်း ကရုဏာတော် "အသစ်"ကို ခံရပါ၏။ သစ္စာတော်သည် ကြီးမြတ်ပါ၏။ ဘုရားရှင်၏ ကရုဏာတော်သည်ပင် "အဟောင်း" မဟုတ်တော့ပါ။

ထာဝရဘုရားသခင်၏ တစ်ပါးတည်းသောသားတော်၊ ကျမတို့၏အရှင်သခင် ယေရှုခရစ်တော်သည် တလောကလုံး၏ ခပ်သိမ်းသောအပြစ်အပေါင်းတို့ကို ရွေးနှုတ်ရန် ကရာနီကုန်းထက်ကား တိုင်ပေါ်တွင် အသွေးတော်သွန်းကာ အသေသတ်ခံခဲ့ပါ၏။ သင်္ဂြိုလ်ပြီး သုံးရက်မြောက်သောအခါ၊ ထိုနေ့သစ်၏ နံနက် လင်းအာရုဏ်ဦး အချိန်မှာ ရှင်ပြန်ထမြောက်ခဲ့၏။ သင်္ချိုင်းဂူတွင်းမှ ရှင်ပြန်၍ ထမြောက်ခဲ့သည်မှာ တိုက်ဆိုင်မှုတစ်ရပ် မဟုတ်သလို၊ မတော်တဆ ဖြစ်ပျက်ခြင်းလည်း မဟုတ်ပါ။ ထိုနေ့ရက်၊ ထိုအချိန်၌ ဘုရားသခင် ကိုယ်တော်တိုင် ဘုန်းတန်ခိုးအားဖြင့် သခင်ယေရှုကို ထမြောက်စေခဲ့၍၊ ထိုနေ့သစ်သည် လောကသားတို့ကို အံ့သြတုန်လှုပ်ဖွယ် ကောင်းလောက်အောင် အသစ်ပြုပြင် ပြောင်းလဲစေခဲ့ပါသည်။

သို့ဖြစ်၍၊ ရှင်ပြန်ထမြောက်ခြင်းသည် ပြီးခဲ့သော အကြောင်းအရာများကို အောက်မေ့တသသ ဖြစ်နေဖို့ရန် မဟုတ်တော့ပါ။ ဤဖြစ်ရပ်မှန်ကြောင့် လောကသားအပေါင်းတို့အတွက် ဝမ်းမြောက်ရွှင်လန်းခြင်းနှင့်အတူ မျှော်လင့်ခြင်းများ ပြန်ရှင်သန်လာရ၏။

ဤနေ့သစ်နံနက်မှာ လူသစ်၊ စိတ်သစ်၊ သဘောသစ်ဖြင့် အဟောင်း–အဟောင်းတွေပြန်ပြောင်းတွေးလို့ နာကျည်းမှုတွေ ပေါ်လာပြန်လည်း ခွင့်လွှတ်ပြီး မေ့လို့သာထားလိုက်ပါ။ "အသစ်–အသစ်"တွေ စုစည်းရာ နေ့သစ်၏အာရုဏ်ဦး လင်းရောင်ခြည် ဖြန့်သွားရာအတိုင်း ကျမတို့ရှိနေပါမူ၊ အမှောင်ဆိုတာ လွင့်ပြေး ပျောက်ကွယ်သွားလေပြီ။ အမှောင်ဆိုတာ မရှိတော့ပါ။ အလင်း၏ သား/သမီးများဖြစ်ကြပြီ။

သေခြင်းမာရ်ကို အောင်မြင်ပြီး၊ သစ်လွင်သော ခန္ဓာကိုယ်ဖြင့် ရှင်ပြန်ထမြောက်ခဲ့သော ယေရှုခရစ်တော်သည် ခပ်သိမ်းသော လူအပေါင်းတို့အား အလင်းကို ပေးသော သခင်ဘုရား ဖြစ်တော်မူပါ၏။ သခင်ဘုရား၌ အသက်ရှိ၏။ ထိုအသက်သည်လည်း ခပ်သိမ်းသော လူအပေါင်းတို့၏ အလင်း ဖြစ်တော်မူ၏။ ထိုအလင်းသည် မှောင်မိုက်၌ လင်းသော်လည်း မှောင်မိုက်သည် မခံမယူ။

လင်းအာရုဏ်တက်ချိန် အရှိန်အဝါနှင့် အရှေ့ဆီမှ ထွက်ပေါ်လာသော နေမင်းကြီးက ကမ္ဘာသူကမ္ဘာသားများကို နွေးထွေးစွာ ရှိနေစေပါပြီ။

လူဟောင်းအဖြစ်ကို စွန့်ပစ်၊ လူသစ်အဖြစ်ကို ယူတင်ဝတ်ဆောင်လျက်၊ ဘဝခရီးလမ်းသစ်ကို တဖန် အင်အားပြုခဲ့ရပါပြီ။

အလင်း၏အရှိန်အဝါက တွန်းအားပေးသကဲ့သို့ ကျမတို့၏စိတ်ကို အသစ်တဖန် အစွမ်းသတ္တိတွေဖြစ်စေခဲ့ရပါပြီ။

ဤအရာတွေအားလုံး ရှင်ပြန်ထမြောက်တော်မူသော သခင်ဘုရားကို ယုံကြည်လက်ခံ၍သာ၊ "အသစ်–အသစ်" တွေ ဖြစ်လာရပါသည်။

မိတ်ဆွေ–သင်သည်လည်း အလင်းရှင်ကို ယုံကြည်လက်ခံလျှင် အသက်ကိုရ၍ အသစ်သော အသက်၌ ကျင်လည်ရမည်မှာ ကေန်အမှန်ပါ။

*ခွန်အားယူရန်သမ္မာကျမ်းစာ၊–*

*ခရစ်တော်သည် ခမည်းတော်၏ ဘုန်းတန်ခိုးအားဖြင့် သေခြင်းမှ ထမြောက်တော်မူသည်နည်းတူ၊ ငါတို့သည်လည်း အသစ်သောအသက်၌ ကျင်လည်ရကြ သတည်း။ (ရော၊၆း၄)*

*သင်တို့သည် လူဟောင်း၏အကျင့်တို့နှင့် လူဟောင်း၏ကိုယ်ကို ချွတ်ပယ်၍၊ ဖန်ဆင်းတော်မူ သောသူ၏ပုံသဏ္ဍာန်နှင့် အညီမှန်သော ပညာအားဖြင့် အသစ်ပြုပြင်သော လူသစ်ကို ယူတင်ဝတ် ဆောင်သောသူ ဖြစ်ကြ၏။ (ကော၊၃း၁၀)*

*အလွန်ကြီးမြတ်၍အဘိုးထိုက်သော ဂတိများကို ငါတို့၌ အပ်ပေးတော်မူပြီ။ အကြောင်းမူကား၊ ထိုဂတိတော်များကိုအမှီပြု၍ သင်တို့သည် လောကီ တပ်မက်ခြင်း အညစ်အကြေးနှင့် ကင်းလွတ် သဖြင့်၊ ဘုရားပကတိကို ဆက်ဆံရသော သူဖြစ်ကြမည် အကြောင်းတည်း။ (၂ပေ၊၁း၄)*


*မဆိုရှယ်(မော်တင်လိန်း)*


# သခင်၏ ဒဏ်ချက်တော်နှင့် အသွေးတော် အားဖြင့်











*သခင်ယေရှုသည် ကျွန်ုပ်တို့ကို ကယ်တင်ခဲ့ပြီ။

*သခင်ယေရှုသည် အဘိုးအခများစွာ ပေးဆပ်ခဲ့၏။

*သခင်ယေရှု၏ ကျေးဇူးတော်သည် ကြီးမားထင်ရှားပါ၏။

သခင်ယေရှုသည် ကျွန်ုပ်တို့လွန်ကျူးသောအပြစ်များကြောင့်၊ နာကျင်ထိုးခြင်း၊ နှိပ်စက်ခြင်းကို ခံရလေ၏။ ကျွန်ုပ်တို့၏ ငြိမ်သက်ခြင်း၊ ချမ်းသာကို ဖြစ်စေသော ဆုံးမခြင်းသည် သူ့အပေါ်သို့ ရောက်၍ သူခံရသောဒဏ်ချက်အားဖြင့် ကျွန်ုပ်တို့သည် အနာပျောက်လျက်ရှိကြ၏။ ခရစ်တော်သည် လူများအပြစ်တို့ကို ခံခြင်းငှါ တစ်ခါတည်း အသွေးတော်သွန်း၍ ကိုယ်ကိုပူဇော်လျက် အသေခံတော်မူ၏။ ဘုရားသားတော် ယေရှုခရစ်၏ အသွေးတော်သည် လူများတို့အပြစ်ရှိသမျှကို ဆေးကြောတော်မူ၏။

ဤအရာအားလုံးသည် ထာဝရအဘဘုရားသခင်၏ မေတ္တာတော်နှင့်အကြံအစည်တော်ဖြစ်၍၊ သားတော်ယေရှုအားဖြင့် ဘုန်းတော်ထင်ရှားတော်မူ၏။

ယခုတွင် အသွေးတော်အားဖြင့် ဖြောင့်မတ်ရာသို့ ရောက်ပြီးမှ၊ ထိုသခင်အားဖြင့် အပြစ်ငရဲမှ ကယ်ချွတ်တော်မူခြင်းသို့ ရောက်မည်ဟု သာ၍ မြော်လင့်စရာရှိ၏။

သခင်ယေရှုသည် ကျွန်ုပ်တို့လွန်ကျူးသော အပြစ်များကြောင့် ဒုက္ခခံရာဝေဒနာလမ်း အစမှသည် အဆုံးတိုင်အောင် နာကျင်စွာထိုးခြင်း၊ နှိပ်စက်ခြင်း ဒဏ်ချက်များနှင့် သွန်းတော်မူသော အသွေးတော်အားဖြင့် ကျွန်ုပ်တို့ အပေါ်၌ ပြုတော်မူသည့် ကြွယ်ဝပြည့်စုံခြင်း အရာများကို ဆင်ခြင်လေသော်၊–

## သမ္မာကျမ်းအထောက်အထားနှင့် သခင်ယေရှု၏ခံရသောဒဏ်ချက်အားဖြင့်ကြွယ်ဝပြည့်စုံခြင်း၊

### (၁) စိတ်ဝိညာဉ်ပင်ပန်းဒဏ် – အလိုတော်ကိုဝန်ခံရန်၊

သခင်ယေရှုသည် ဂေသရေမန်အရပ်၌ ဒူးထောက်လျက်၊ အိုအဘ၊ အလိုတော်ရှိလျှင် ဤခွက်ကို အကျွန်ုပ်မှ လွှဲတော်မူပါ။ သို့သော်လည်း အကျွန်ုပ်အလိုရှိသည် အတိုင်း မဖြစ်ပါစေနှင့်။ကိုယ်တော်အလိုရှိသည်အတိုင်း ဖြစ်ပါစေသောဟု ဆုတောင်းတော်မူ၏။ စိတ်ဝိညာဉ်သည် ပြင်းစွာသော ဝေဒနာကို ခံစားလျက် ဆုတောင်းနေစဉ် ချွေးသည် သွေးစက်ကဲ့သို့ မြေပေါ် စီးကျ၏။ ထိုစဉ် ကောင်းကင်တမန်သည် ထင်ရှားလာ၍ ကိုယ်တော်ကို အားပေးရ၏။

*လုကာ၊၂၂း၄၄ – ပြင်းစွာသော ဝေဒနာကို ခံလျက် အထူးသဖြင့် ကြိုးစား၍ ဆုတောင်းတော်မူ၏။*
*ချွေးထွက်တော်မူသည်ကား၊ မြေပေါ်၌ကျသော သွေးစက်ခဲကဲ့သို့ ဖြစ်သတည်း။*

ဧဒင်ဥယျာဉ်တွင် အာဒံ၏ ဘုရားသခင်စကားကို ပြစ်မှားခြင်းအားဖြင့်၊ လူအပေါင်းတို့သည် အပြစ်စီရင်ခြင်းနှင့် တွေ့ကြုံရသော်လည်း၊ ဂေသရေမန်ဥယျာဉ်တွင် သခင်ယေရှုခရစ်တော်သည် ခမည်းတော်၏ အလိုတော်ကို ဝန်ခံခြင်းဖြင့် လူအများတို့သည် အပြစ်စီရင်ခြင်းမှ လွတ်ခြင်းအခွင့်ကိုရ၏။

### (၂) ဦးရစ်မှဆူးဆိပ်ဒဏ် – ကျိန်ခြင်းမှလွတ်ရန်၊

ရောမစစ်သူရဲတို့သည် ဆူးပင်နှင့်ရက်သောဦးရစ်ကို သခင်ယေရှု၏ ခေါင်းတော်၌ တင်ကြ၏။ သခင်၏ ဦးခေါင်းထက် ဆူးဦးရစ်မှ မျက်နှာပေါ်သို့ စီးကျသောသွေးသည် လူအပေါင်းတို့အား ကျိန်ခြင်း အမင်္ဂလာမှကင်းရှင်း၍ ကောင်းကြီးမင်္ဂလာ အဖြစ်သို့ ရောက်စေပါသည်။

*ကမ္ဘာ၊၃း ၁၄–၁၉ – သင်နှင့် မိန်းမကိုငင်း၊ သင်၏ အမျိုးအနွယ်နှင့် မိန်းမ၏ အမျိုးအနွယ်ကိုငင်း၊ ငါသည်*
*ရန်ညှိုးဖွဲ့စေမည်။ သူသည် သင်၏ခေါင်းကို ကြိတ်လိမ့်မည်၊ သင်သည် သူ၏ဖနှောင့်ကို*
*ကြိတ်လိမ့်မည်ဟု မိန့်တော်မူ၏။*

### (၃) ရိုက်နှက်သောဒဏ် – အနာပျောက်ရန်၊

ရောမစစ်သူရဲတို့သည် သခင်ယေရှုကို အရှိန်နှင့်လွှဲရိုက်သော ကြာပွတ်ဒဏ်၊ ကျူလုံးနှင့်ရိုက်သော ဒဏ်ရာဒဏ်ချက်တို့သည် လူသားများ အနာပျောက်ရန် အတွက် အဘိုးအခ ပေးသွား၏။

*ဟေရှာယ၊၅၃း၅ – ထိုသူသည် ငါတို့လွန်ကျူးသော အပြစ်များကြောင့်၊ နာကျင်ထိုးခြင်း၊ နှိပ်စက်ခြင်းကို ခံရလေ၏။ ငါတို့၏ ငြိမ်သက်ခြင်းချမ်းသာကို ဖြစ်စေသော ဆုံးမခြင်းသည် သူ့အပေါ်သို့ရောက်၍ သူခံရသောဒဏ်ချက်အားဖြင့် ငါတို့သည် အနာပျောက်လျက် ရှိကြ၏။*

### (၄) ကားတိုင်ထမ်းရသောဒဏ် – ကြွယ်ဝပြည့်စုံခြင်းရှိရန်၊

သခင်ယေရှုသည် အလွန်လေးသော သစ်သား လက်ဝါးကပ်တိုင်ကို ပင်ပန်းကြီးစွာ ထမ်းလျက်၊ ကရာနီကုန်းသို့သွားရာ လမ်းတလျှောက်၌ ရောမစစ်သားများ ပြင်းထန်စွာနှိပ်စက်၍ ယေရှု၏ ကိုယ်ခန္ဓာ အတွင်းမှ သွေးကြောများ ပေါက်၍ သွေးယိုစီးသော ဒဏ်ချက်သည် လူသားများ၏ ခွန်အားနည်းခြင်း သဘာဝကို ကြွယ်ဝပြည့်စုံခြင်း အဖြစ်သို့ အဘိုးအခပေးသွား၏။

*ဖိလိပ္ပိ၊၄း၁၃– ငါ့ကို ခွန်အားနှင့် ပြည့်စုံစေတော်မူသော ခရစ်တော်အားဖြင့် ခပ်သိမ်းသောအမှုတို့ကို ငါတတ် စွမ်းနိုင်၏။*

### (၅) လက်ဝါးတော်မှသံချက် – ဘိသိက်ပေးရန်တွက်၊

လက်ဝါးကားတိုင်တွင် သခင်ယေရှု၏ လက်နှစ်ဘက်ကို သံနှင့်ရိုက်သောဒဏ်ချက်သည် ဘုရားသခင်၏ သားသမီးများအဖြစ်နှင့် ပြန်လည်မိဿဟာယဖွဲ့ရန် ဘိသိက်ပေးသွား၏။ ဘုရားသခင်၏ သားသမီးမှန်လျှင် ဘိတ်သိတ်ကျေးဇူးတော်ကို ခံရ၍ အမွေခံလည်း ဖြစ်၏။

*၁ယော၊၂း၂၀–သင်တို့သည် သန့်ရှင်းတော်မူသော ဘုရား၏လက်မှ ဘိသိက် ကျေးဇူးတော်ကို ခံရ၍၊ ခပ်သိမ်းသော အရာတို့ကို သိကြ၏။*

*ဂလတိ၊၄း၅–ထိုသို့သင်တို့သည် သားဖြစ်သောကြောင့် အဗ္ဗအဘဟုခေါ်တတ်သော သားတော်၏ဝိညာဉ်တော်ကို သင်တို့ စိတ်နှလုံးထဲသို့ ဘုရားသခင် စေလွှတ်တော်မူ၏။ သို့ဖြစ်၍ သင်တို့သည် နောက်တဖန် အစေအပါးကျွန် မဖြစ်၊ သားပင်ဖြစ် ကြ၏။ သားဖြစ်လျှင် ခရစ်တော်အားဖြင့် ဘုရားသခင်၏ အမွေခံလည်း ဖြစ်ကြ၏။*

### (၆) ခြေတော်ရာမှသံချက် – ငြိမ်သက်ခြင်းရရန်တွက်၊

သခင်ယေရှု၏ ခြေတော်တွင် ရိုက်နှက်ထားသောသံချက်ဒဏ်ရာမှ စီးထွက်ကျလာသောသွေးသည် လူသားအားလုံး ငြိမ်သက်ခြင်းကို ရရှိရန်အတွက် အဘိုးအခ ပေးသွား၏။

သင်သည် သွားလေရာ၊ ရောက်လေရာ၊ ရှိနေရာ၊ ရှိနေရာတိုင်း၌ စိတ်နှလုံး စိုးရိမ်ပူပန်ခြင်းနှင့် ကင်း၍ ငြိမ်သက်ခြင်းကို ရရှိလိမ့်မည်။

*ယော၊၁၄း၂၇ – ငါ၏ငြိမ်သက်ခြင်းကို သင်တို့အား ငါပေး၏။ လောကီသားတို့ ပေးသကဲ့သို့ ငါပေးသည် မဟုတ်။ သင်တို့စိတ် နှလုံးပူပန်ခြင်း၊ စိုးရိမ်တုန်လှုပ်ခြင်း မရှိစေနှင့်။*

*ဟေဗြဲ၊၁၃း၅ – ငါသည် သင့်ကိုမစွန့်၊ သင့်ကို အလျှင်းပစ်၍ မထားဟု ဂတိတော်ရှိ၏။*

*တရား၊ ၃၁း၆ – အားယူ၍ ရဲရင့်ခြင်း ရှိကြလော့။ မစိုးရိမ်ကြနှင့်။ သူတို့ကို မကြောက်ကြနှင့်။ ထာဝရဘုရားသည် သင်တို့ ဘုရားသခင်ဖြစ်၍ သင်တို့နှင့်အတူ ကိုယ်တိုင်ကြွတော်မူမည်။ သင်တို့ကို စွန့်တော်မမူ၊ ပစ်ထားတော်မမူ ဟုဟောပြော၏။*

### (၇) နံဖေးတော်မှလှံဒဏ် – မင်္ဂလာရှိစေရန်၊

နံဖေးတော်ကို လှံနှင့်ထိုးဖောက်ရာ နှလုံးမှ သွေးနှင့်ရေ ချက်ခြင်းထွက်လာ၏။ လူသားအားလုံး နှလုံးကြေကွဲ နာကျင်မှုဝေဒနာကို မခံစားရန်အတွက် သခင်ယေရှု အဘိုးအခ ပေးသွား၏။

*လုကာ၊၄း၁၈ – ထာဝရဘုရား၏ဝိညာဉ်တော်သည် ငါ့အပေါ်၌တည်တော်မူ၏။ အကြောင်းမူကား၊ ဆင်းရဲသားတို့အားဝမ်းမြောက်စရာ သိတင်းကိုကြားပြောစေခြင်း ငှါငါ့ကိုဘိသိက်ပေး တော်မူပြီ။ ကြေမွသောသူတို့၏အနာကိုပျောက်စေခြင်းငှါလည်း၊ ဘမ်းသွားချုပ်ထားလျက်ရှိသောသူတို့အားလွှတ်ခြင်းအကြောင်းနှင့် မျက်စိကန်းသောသူတို့အား မျက်စိမြင်ပြန်ခြင်းအကြောင်းကိုပြစေခြင်းငှါလည်း၊ ညှင်းဆဲခံရသေသူတို့ကို ကယ်မစေခြင်းငှါလည်း၊ ထာဝရဘုရား၏မင်္ဂလာနှစ်ကာလကိုကြား ပြောစေခြင်း ငှါလည်း၊ ငါ့ကိုစေလွှတ်တော်မူပြီ။ ။*

### သမ္မာကျမ်းအထောက်အထား နှင့် သခင်ယေရှု၏အသွေးတော်အားဖြင့် ကြွယ်ဝပြည့်စုံခြင်း၊

| **သခင်ယေရှု၏အသွေးတော်အားဖြင့်** | **သမ္မာကျမ်းအထောက်အထား** |
|---|---|
| လူများတို့၏အပြစ်ကိုလွှတ်စေသည်။ | မဿဲ၊၂၆း၂၈ – ဤခွက်ကားပဋိညာဉ်တရားသစ်နှင့်ဆိုင်၍လူများတို့၏အပြစ်ကိုလွှတ်စေခြင်းငှါသွန်းသောငါ၏အသွေးဖြစ်၏။ |
| ဘုရားသခင်၏မျက်မှောက်တော်၌ ဖြောင့်မတ်ရာသို့ရောက်၍၊အပြစ်ငရဲမှ လွှတ်၏။ | ရောမ၊၅း၉– ယခုတွင် အသွေး တော်အားဖြင့် ဖြောင့်မတ်ရာသို့ရောက်ပြီးမှ၊ ထိုသခင်အားဖြင့်အပြစ်ငရဲမှကယ်နှုတ်တော်မူခြင်းသို့ရောက်မည်ဟုသာ၍မြော်လင့်စရာရှိ၏။ |
| လူအသီးသီးကိုဝယ်တော်မူ၏။ | ၁ကော၊၆း၂၀။ ၇း၂၃ ။– သင်တို့သည်အဘိုးနှင့်ဝယ်တော်မူသောသူဖြစ်၍ ……၊ |
| အသင်းတော်ကိုဝယ်တော်မူ၏။ | တမန်တော်၊၂၀း၂၈–သင်တို့သည်ကိုယ်ကိုသတိနှင့်ကြည့်ရှုကြလော့။ ဘုရားသခင်သည်မိမိအသွေးနှင့် ဝယ်တော်မူသောအသင်းတော်ကိုလုပ်ကျွေးစေခြင်းငှါ ……၊ |

| | |
|---|---|
| ရွေးနုတ်တော်မူခြင်းကျေးဇူးကိုခံရ၏။ | ဖေက်၊ ၁း၇။– ခပ်သိမ်းသော သတိပညာတော် နှင့်လျော်စွာငါတို့၌ အတိုင်းထက်အလွန် များလှစွာသော ကျေးဇူးတော်သည် ကြွယ်ဝပြည့်စုံသည်နှင့် အညီ၊ ထိုသားတော်၏အသွေးအားဖြင့်အပြစ်လွှတ်တော်မူခြင်းတည်းဟူသော ရွေးနုတ်တော်မူခြင်း ကျေးဇူးကို ငါတို့သည်ခံရကြ၏။ ကောလောသဲ၊ ၁း၁၄။ ဟေဗြဲ၊၉း၁၂ |
| ဘုရားသခင်၏အမွေခံသားဖြစ်ရ၏။ | ဂလာတိ၊၄း၆–သင်တို့သည်သားဖြစ်သောကြောင့်အဗ္ဗအဘဟုခေါ်တတ်သောသားတော်၏ဝိညာဉ်တော်ကိုသင်တို့စိတ် နှလုံးထဲသို့ ဘုရားသခင်စေလွှတ်တော်မူ၏။သို့ဖြစ်၍ သင်တို့သည် နောက်တဖန်အစေအပါးကျွန်မဖြစ်၊သားပင်ဖြစ်ကြ၏။သားဖြစ်လျှင်ခရစ်တော်အားဖြင့်ဘုရားသခင်၏အမွေခံလည်း ဖြစ်ကြ၏။ |
| အနာပျောက်ခြင်းအခွင့်ကိုရ၏။ | ၁ပေ၊၂း၂၄– ငါတို့သည် အပြစ်နှင့်ဆိုင်သောအရာ၌အသေဖြစ်၍၊ ဖြောင့်မတ်ခြင်း အရာ၌ အသက်ရှင်စေမည်အကြောင်း၊ ငါတို့အပြစ်များကို ကိုယ်တော်တိုင် သစ်တိုင်မှာခံတော်မူပြီ၊ ဒဏ်ချက်တော်များအားဖြင့်သင်တို့သည် အနာပျောက်လျက် ရှိကြ၏။ ဟေရှာယ၊၅၃း၅ |
| ရန်ကိုငြိမ်းစေတော်မူ၏။ | ကော၊ ၁း၂၀–လက်ဝါး ကပ်တိုင်မှာ သွန်းသောအသွေးတော်အားဖြင့် ရန်ကိုငြိမ်းစေ၍၊ ကောင်းကင် အရာဖြစ်စေ၊မြေကြီး အရာဖြစ်စေ၊ ခပ်သိမ်းသောအရာတို့ကိုသားတော်အားဖြင့်ဘုရားသခင်နှင့်မိဿဟာယဖွဲ့စေခြင်းငှါ၄င်း အလိုရှိတော်မူ၏။ |
| ထာဝရအသက်ရှင် တော်မူသောဘုရားသခင်ကိုဝတ်ပြုခြင်းအခွင့်ရ၏။ | ဟေဗြဲ၊၉း၁၄– ဘုရားသခင့်ရှေ့၌ တင်လှူပူဇော်သောခရစ်တော်၏အသွေးသည်၊ သေခြင်းနှင့်စပ်ဆိုင်သောအကျင့်ကိုပယ်ရှင်း၍၊ သင်တို့သည်အသက်ရှင်တော်မူသောဘုရားသခင်ကိုဝတ်ပြုမည်အကြောင်းတည်း။ |
| သန့်ရှင်းရာဌာနထဲသို့အဆီးအတားမရှိဝင်ရသောအခွင့်ရှိ၏။ | ဟေဗြဲ၊၁၀း၁၉။ယေရှု၏ကိုယ်ခန္ဓာတည်းဟူသောကုလားကာအားဖြင့် ထိုသခင်ပြင်ဆင်တော်မူသော အသက်လမ်းသစ်တွင်၊ ငါတို့သည်သန့်ရှင်းရာဌာနထဲသို့၊ အသွေးတော်ကို အမှီပြု၍ အဆီးအတားမရှိ၊ ဝင်ရသောအခွင့်ရှိ ……၊ |

| | |
|---|---|
| ထာဝရပဋိညာဉ်တရားသစ်၌အသက်ရှင်ရ၏ | ဟေဗြဲ၊၁၃း၂၀။–ထာဝရ ပဋိညာဉ် တရား၏ အသွေးတော်အား ဖြင့်၊ သိုးများကိုထိန်းသောသိုးထိန်းကြီး ဖြစ်သောငါတို့သခင်ယေရှုကို သေခြင်းမှနုတ်ဆောင်တော်မူသော၊ ငြိမ်သက်ခြင်း၏အရှင် ဘုရားသခင်သည်၊ မိမိနှစ်သက်တော်မူသော အမှုအရာကို ယေရှုခရစ်အားဖြင့်၊ သင်တို့၌ပြုတော်မူ၍……၊ |
| ပဋိညာဉ်ဟောင်း၌ လက်ထက်၌ပြစ်မှားသောအပြစ်ကိုလွှတ်စေ၏။ | ဟေဗြဲ၊၁၀း၂၉။ပဌမပဋိညာဉ်တရားလက်ထက်၌ပြစ်မှားသောအပြစ်ကို လည်းလွှတ်စေခြင်း……။ |
| အပြစ်ရှိသမျှကိုဆေးကြောသန့်စင်မူ၏။ | ၁ယော၊၁း၇။– ဘုရားသခင်သည်အလင်း၌ရှိတော်မူသကဲ့သို့ငါတို့သည်အလင်း၌ကျင်လည်လျှင်၊အချင်းချင်းမိဿဟာယဖွဲ့ခြင်းရှိသည်ဖြစ်၍၊ဘုရားသခင်၏သားတော်ယေရှုခရစ်၏ အသွေးတော်သည်၊ ငါတို့အပြစ် ရှိသမျှကို ဆေးကြောတော်မူ၏။ |
| တပါးအမျိုးသားတို့ဘုရားသခင်နှင့်မိဿဟာယဖွဲ့ခွင့်ရ၏။ | ဖေက်၊၂း၁၈။– ခရစ်တော်အားဖြင့် ငါတို့နှစ်ဦးသည် စိတ်ဝိညာဉ်တလုံးတဝတည်းဖြစ်၍၊ ခမည်းတော်ထံသို့ တိုးဝင်ရမည့်အခွင့်ကိုရကြပြီ။ |
| ရှင်ဘုရင်အရာ၌၄င်း၊ယဇ်ပုရောဟိတ်အရာ၌၄င်း၊ ခန့်ထားတော်မူ၏။ | ဗျာဒိတ်၊၅း၉ – အကျွန်ုပ်တို့၏ ဘုရားသခင့်ရှေ့မှာ၊ ရှင်ဘုရင် အရာ၌၄င်း၊ ယဇ်ပုရောဟိတ် အရာ၌၄င်း၊ ခန့်ထား၍၊ မြေကြီးပေါ်မှာစိုးစံရသောအခွင့်ကိုပေးတော်မူ၏။ဗျာ၊၁း၅။ |
| ဘုရားသခင်၏သက်သေခံများဖြစ်ရ၏။ | ဗျာဒိတ်၊၁၂း၁၁။–သိုးသငယ်၏ အသွေးအားဖြင့်၄င်း၊ မိမိတို့သက်သေခံချက်နှုတ်ကပတ်တရားအားဖြင့်၄င်း၊အောင်မြင်၍၊ အသေခံသည်တိုင်အောင်ကိုယ်အသက်ကိုမနှမြောကြ။ |
| အသက်စာစောင်၌ စာရင်းဝင်သောသူများဖြစ်ရ၏။ | ဗျာဒိတ်၊၃း၅။–ထိုသူ၏နာမကို အသက်စာစောင်မှငါသည်အလျှင်းမချေ။ငါ့ခမည်းတော်ရှေ့၌၄င်း၊ကောင်း ကင်တမန်တော်တို့ရှေ့၌၄င်း၊သူ၏နာမကိုငါဝန်ခံမည်။ဗျာဒိတ်၊၂၁း၂၆ |

**အမှုတော်မြတ်၌ – ရီရီဒေး**